စိတ်ကူးချိုချိုအနုပညာ

mgyoe.com



တက္ကသိုလ်ရွှေရိုင်း



# အိပ်ရာဝင် နှစ်မိနစ် ပုံပြင်များ






# BED TIME TWO MINIUTES TALES

mgyoe.com

mgyoe.com



ISBN 9789997110879
SYW7
9 789997 110879
900.00 KS

mgyoe.com

အိပ်ရာဝင်နှစ်မိနစ်ပုံပြင်များ

ပုံနှိပ်မှတ်တမ်း

စာအုပ်ချုပ် – သစ္စာ

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ရေသူမလေး မာရီနာ | ၁ |
| ၂။ | တိရစ္ဆာန်ဆေးရုံ | ၃ |
| ၃။ | ဒိုင်ယာနာ၏ဒေစီပန်းကုံး | ၅ |
| ၄။ | မြေတူးစက်ကလေး ဒွန်နီ | ၆ |
| ၅။ | သွားစောင့်နတ်သမီး | ၈ |
| ၆။ | ပန်းချီသင်တန်း | ၁၀ |
| ၇။ | လမ်းပျောက်နေသော မြင်းကျားလေး | ၁၂ |
| ၈။ | ဆူးတောင်များကနေသော ဖြူးလေး | ၁၅ |
| ၉။ | ကိုယ့်အိမ်ရာသည်သာလျှင် အကောင်းဆုံး | ၁၇ |
| ၁၀။ | ကြောက်စရာကောင်းသော စာခြောက်ရုပ် | ၁၉ |
| ၁၁။ | ကယ်တင်ရှင်လေး အိုလီ | ၂၁ |
| ၁၂။ | အခြားကမ္ဘာမှ ဂြိုဟ်သားများ ဝင်ရောက်ခြင်း | ၂၃ |
| ၁၃။ | ဝင်ဒီ၏သစ်တော | ၂၅ |
| ၁၄။ | ပင့်ကူကလေး ဆယ်လီ | ၂၈ |
| ၁၅။ | နတ်သမီးလေး လူစီ၏ဝတ်စုံ | ၃၀ |
| ၁၆။ | ယုန်ကလေး ဘန်နီနှင့် ဟန်နီ | ၃၂ |
| ၁၇။ | ဖာဂျီ၏သင်ခန်းစာများ | ၃၄ |
| ၁၈။ | ခရုပက်ကျိသွားရာလမ်းကြောင်း | ၃၆ |
| ၁၉။ | ရွှေရောင် သစ်ပင် | ၃၈ |
| ၂၀။ | လူပြက်ကလေး ချာလီ | ၄၁ |


mgyoe.com

၂၁။ မကောင်းသော ကျိန်စာ ၄၃
၂၂။ ဝလာသော ကြောင်မကြီးဖလစ် ၄၆
၂၃။ တွင်းတူးသမားကလေး ဒင်းနစ် ၄၈
၂၄။ အက္ခရာစာလုံးများနှင့် တိရစ္ဆာန်အမည်များစီခြင်း ၅၀
၂၅။ ပျောက်နေသော ပစ္စည်းများ ၅၃
၂၆။ မိုးနေ့တစ်နေ့နှင့် လက်ထိုးရုပ်သေးရုပ်များ ၅၅
၂၇။ တောဝက်ကလေးဂယ်လီ ဖြစ်ချင်သောအရာ ၅၇
၂၈။ စိတ်ကူးယဉ်သမားကလေး ဒါရင် ၅၉
၂၉။ ပေါက်ဖတ်ပါပဲ ၆၁
၃၀။ လောဘကြီးသော ပင်လယ်ဓားပြ ၆၃
၃၁။ သတ္တဝါကြီး၏စားသောက်ပွဲ ၆၆
၃၂။ ရှုပ်ရှုပ်ပွပွနေတတ်သော ကျားလေး ၆၉
၃၃။ ကင်းလှည့်သဘော်ကလေး တင်မီ ၇၀
၃၄။ တောတွင်းအားကစားပြိုင်ပွဲနေ့ ၇၂
၃၅။ သူရဲမခြောက်သောအိမ် ၇၄
၃၆။ မျိုးနွယ်တူရှာနေသော ကြယ်ငါးလေး ၇၆
၃၇။ သန်မာတောင့်တင်းသော တော်မီ ၇၈
၃၈။ လိမ္မာပါးနပ်သော မြွေမမ ၈၀
၃၉။ ဒင်နီ၏ ဒိုင်နိုဆော အရုပ်များ ၈၂

mgyoe.com

mgyoe.com

## ၁။ ရေသူမလေး မာရီနာ



မိုက်သည် ပင်လယ်ကမ်းစပ်တွင် ရှိသော တစ်ထပ်အိမ်ကလေးတွင် နေသည်။ သူ၏အိပ်ခန်းရှိ ပြတင်းပေါက်မှ တစ်ဆင့် ပင်လယ်ထဲမှ လှိုင်းလုံးများ ကမ်းစပ်သို့ ရိုက်ခတ်သည်ကိုလည်းကောင်း၊ ကျောက်ဆောင်များကြားတွင် ရေများ ဝင်ရောက်သွားသည်ကိုလည်းကောင်း ကြည့်နေသည်။

နွေရာသီတွင် ကမ်းစပ်တွင် အပန်းဖြေသူများနှင့် ပြည့်နေသည်။ သို့သော် မတ်လတွင် ကမ်းစပ်တွင် လူမရှိတော့သဖြင့် ထိုနေရာလေးသည် မိုက်တစ်ဦးတည်းအတွက် ဖြစ်သည်။ မိုက်၏မိခင်သည် သူ၏သား ကမ်းစပ်တွင် စူးစမ်းလေ့လာနေသည်ကို မီးဖိုခန်းမှ လှမ်းကြည့်နေသည်။

မိုက်သည် ကျောက်ဆောင်များကြားသို့ လှိုင်းလုံးများ ဝင်ရောက်ရာတွင် ပါဝင်လာမည့် ပစ္စည်းများကို စိတ်ဝင်စားသည်။ ယနေ့အဖို့ ထိုကျောက်ဆောင်အကြားရှိ ရေကန်လေးထဲတွင် ပုစွန်နှင့် ဂဏန်းငယ်များကို ဖမ်းလေသည်။ ထိုစဉ် ရေမှော်ပင်များအောက်တွင် ပန်းရောင် ဂဏန်းဝဝတစ်ကောင် ပုန်းနေသည်ကို တွေ့သည်။ မိုက်က ထိုဂဏန်းကို ဖမ်းရန် ကြိုးစားစဉ် ရေထဲမှ ခေါင်းလေးတစ်ခု ဘွားခနဲ ပေါ်လာသည်။ ထိုအရာမှာ ပန်းရောင်အဆင်းရှိသော မိန်းကလေး ဖြစ်သည်။ သူ၏ဆံပင်များသည် စိုရွှဲလျက် ခရုခွံများ၊ ရေညှိပင်များနှင့် ရှုပ်ထွေးနေသည်။

mgyoe.com

mgyoe.com




ထိုမိန်းကလေး၏ အမည်မှာ မာရီနာ ဖြစ်သည်။ မာရီနာသည် ရေအောက် ကမ္ဘာလေးအကြောင်း ကောင်းကောင်းသိပုံရသည်။ မာရီနာသည် မိုက်နှင့်အတူ ပင်လယ်ထဲမှ ပါလာသော အကောင်လေးများကို လိုက်ရှာပေးသည်။ မိုက်သည် မာရီနာကို သူနှင့်အတူ နေ့လယ်စာစားရန် ခေါ်သည်။ မာရီနာက သူ လိုက်၍မဖြစ်ကြောင်း ပြောသည်။

မိုက်က မာရီနာနှင့် ကစားချင်သေးကြောင်း ပြောသည်။ ထိုအခါ မာရီနာက သူ့ဆီ စာရေးလိုက်ရန် ပြောသည်။

မိုက်က မာရီနာ၏လိပ်စာကို တောင်းသောအခါ စာရေးပြီး ပုလင်းတစ်ခုထဲ ထည့်ကာ ရေထဲသို့ ပစ်လိုက်ပါဟု ပြောသည်။

မိုက်က ယခုလိုလုပ်ခြင်းသည် ပျော်စရာကောင်းသော်လည်း လုပ်ရိုးလုပ်စဉ် စာတိုက်မှ ထည့်လျှင် ပိုစိတ်ချရသည်ဟု ထင်လေသည်။ မကြာမီပင် မာရီနာ ပြောသောစကား၏ အဓိပ္ပာယ်ကို ပိုနားလည်သွားသည်။ အဘယ်ကြောင့်ဆိုသော် မာရီနာသည် မိုက်ကို နှုတ်ဆက်ပြီး ရေထဲသို့ ခုန်ဆင်းသွားသောအခါ မာရီနာ၏ အောက်ပိုင်းတွင် အကြေးခွံများ ဖုံးနေသော အမြီးရှိကြောင်းတွေ့လိုက်ရသည်။ မိုက်က "မာရီနာက ရေသူမပဲ၊ ငါ့ သူငယ်ချင်းတွေကို ပြောပြရမယ်" ဟုစဉ်းစားသည်။ သူ၏ သူငယ်ချင်းများက မိုက်ပြောသည်ကို ယုံမည်ဟု သင် ထင်ပါသလား။





mgyoe.com

mgyoe.com

## ၂။ တိရစ္ဆာန်ဆေးရုံ

ခြင်္သေ့ကြီး လီယိုသည် ခြေထောက်ရိုးကျိုးနေသဖြင့် ဆေးရုံတက်နေရသည်။ သူနာပြု ဆရာမဆင်ကြီးက ခြင်္သေ့၏ခြေထောက်ကို ပလာစတာကိုင်ပြီး ခုတင်တွင် လဲလျောင်းနေစေသည်။ လီယိုသည် သူ၏ဘေးပတ်လည်ရှိ လူနာများကို ကြည့်လျက်ရှိသည်။ သူ့ဘေးမှ ခုတင်တွင် မြွေမဆယ်လီသည် လည်ပင်းနာရောဂါဖြင့် ရှိနေသည်။ သူ့လည်ပင်းကို နွေးနွေးထွေးထွေးဖြစ်စေရန် ပဝါဖြင့် ပတ်ထားသည်။ တစ်ဘက်တွင်ရှိသော ကျားကြီး တင်မိသည် တစ်ကိုယ်လုံး အနီရောင် အစက်များဖြင့် ယားလွန်းသဖြင့် ကုတ်နေသည်။




သူ့တစ်ဘက်တွင် ဖင်နယ်လာကြိုးကြာနီသည် မစားရမည့် အစာကို စားမိသဖြင့် တစ်ကိုယ်လုံး စိမ်းနေသည်။ တိရစ္ဆာန်တိုင်းသည် ကိုယ့်ဒုက္ခနှင့်ကိုယ် ဝေဒနာခံစားနေရ၍ စကားမပြောနိုင်ကြပါ။ ရုတ်တရက် သူတို့နေသော အခန်းတံခါးပွင့်သွားပြီး ဖားကြီး ဖီးလစ်သည် ဘီးတပ်ကုလားထိုင်ဖြင့် ဝင်လာသည်။ ဖီးလစ်သည် ထိခိုက်မှုတစ်ခုကြောင့် ခြေထောက်နှစ်ချောင်းစလုံးပြတ်သွားသည်။ သို့သော် သူသည် ပျော်ပျော်ပါးပါးပင် လှုပ်ရှားနေသည်။ သူနာပြုဆရာမဆင်ကြီးက ဖီးလစ်ကို အခန်းထဲဝင်ရန် ဖိတ်ခေါ်သည်။ ပြီးလျှင် လူနာများအား အားပေးစကားပြောစေသည်။

mgyoe.com

mgyoe.com

သူနာပြုဆရာမ ဆင်ကြီးက ကိုယ့်ရောဂါဝေဒနာကို စိတ်မကောင်းမဖြစ်ကြရန် ပြောသည်။ ကိုယ့်ထက်ဆိုးရွားသော ဒုက္ခရောက်သူ အမြဲရှိကြောင်း ပြောသည်။ လူနာတိရစ္ဆာန်တို့သည် ခေါင်းညိမ့်၍ ပြုံးလိုက်ကြသည်။ သူတို့အချင်းချင်း စကား ပြောဆိုကြသည်။ နောက်တစ်နေ့တွင် ဖားကြီးဖိုးလစ်ရောက်လာမည့်အချိန်ကို စောင့်မျှော်နေကြသည်။



ဖားကြီးဖိုးလစ်သည် သူ့ဘီးတပ် ကုလားထိုင်ကြီးဖြင့် လှည့်လည်ပြီး လူနာတစ်ယောက်ချင်းကို အားပေးစကားပြောကာ ပြုံးရယ်အောင် ပြုလုပ်ပေးသည်။ မကြာမီတွင် အခန်းထဲတွင် စကားသံများ ရယ်မောသံများ ပြည့်လျှံသွားသည်။ ဖိုးလစ်သည် တစ်နာရီမျှနေပြီး နောက်တစ်နေ့တွင် လာဦးမည်ဖြစ်ကြောင်း ကတိပေးကာ ပြန်သွားသည်။ ဖိုးလစ် ပြန်သွားပြီးနောက် တိရစ္ဆာန်တိုင်းသည် ရောဂါဝေဒနာများမှ ပို၍ သက်သာသလို ခံစားရသည်။



mgyoe.com

mgyoe.com

## ၃။ ဒိုင်ယာနာ၏ ဒေစီပန်းကုံး




ဒိုင်ယာနာသည် သူ့မေမေအတွက် တောရိုင်းပန်းကလေးများကို အမြဲခူးလေ့ရှိသည်။ သူတို့ အိမ်ပတ်ဝန်းကျင်တွင် အလေ့ကျပေါက်သော ပန်းများ အနှံ့အပြားရှိသည်။ ထိုပန်းများကြောင့်လည်း အလွန်လှပလျက်ရှိသည်။ ဒိုင်ယာနာက ထိုဒေစီပန်း ကလေးများကို ခြင်းတောင်းတစ်ခုဖြင့် လိုက်လံခူးလေသည်။ သူ၏လက်သည်းလေးဖြင့် ဒေစီပန်းပွင့်၏ ရိုးတံတွင် အပေါက်ကလေး ဖောက်သည်။ ထိုရိုးတံ အပေါက်ထဲသို့ တခြား အပွင့်၏ ရိုးတံလေး ထည့်သည်။ ထိုကဲ့သို့ပြုလုပ်ခြင်းဖြင့် မကြာမီ ဒေစီပန်းကုံး အရှည်ကြီး ရလေသည်။ ထိုပန်းကုံးကို သူ၏ လက်မောင်း၊ ပခုံးနှင့် လက်တို့တွင် တပ်ဆင်လိုက်သည်။ အလွန် တော်သော ဒိုင်ယာနာလေး ဖြစ်သည်။ သူ့ကို ကြည့်ရသည်မှာ အလွန်ချစ်စရာ ကောင်းပါသည်။


mgyoe.com

mgyoe.com

# ၄။ မြေတူးစက်ကလေး ဒွန်နီ



မြေတူးစက်ကြီးများကို ကြည့်ကာ သူလည်း ပါဝင် မြေတူးချင်သည်။ သို့သော်လည်း သူ၏စက်မှာ သေးငယ်လွန်းသောကြောင့် သူ့ကို မသုံးကြပါ။ သူပါဝင်လျှင် တခြားသူများ အနှောက်အယှက် ဖြစ်နိုင်သည်။



မြေတူးစက်ကလေးဒွန်နီသည် အသစ်တည်ဆောက်နေသော ကုန်တိုက်တွင် နေသည်။ နေ့စဉ် ဒွန်နီသည် မြေတူးစက်အကြီးကြီးများ အလုပ်ရှုပ်နေသည်ကို ငေးကြည့်နေသည်။ သူတို့သည် မြေကြီးများကို သူတို့စက်ရှိ တွင်းတူးသည့်ဓါးဖြင့် ကော်ယူပြီး တစ်ဖက်တွင် ပုံနေသည်။ ဒွန်နီသည်

မြေတူးစက်တိုင်းတွင် အလွန်သန်မာသော ကားမောင်းသမားကိုယ်စီ ရှိကြသည်။

mgyoe.com

mgyoe.com

တစ်နေ့တွင် ကားမောင်းသမားအသစ်ရောက်လာသည်။ သူသည် တခြားသူများထက် အရပ်ပုလေသည်။ ထိုကားမောင်းသမား တော်မိအတွက် သင့်လျော်သောကား မရှိပါချေ။ မြေတူးစက်များသည် တော်မိအတွက် ကြီးနေသည်။ တော်မိသည် မြေတူးစက်ကလေး ဒွန်နီကိုတွေ့သော် သူ့တို့နှစ်ယောက် တစ်ယောက်နှင့် တစ်ယောက် အနေတော်ဖြစ်နေသည်ကို သတိထားမိသည်။ ထိုအချိန်မှစ၍ ဒွန်နီနှင့် တော်မိတို့သည် အသေးစား မြေတူးသည့် အလုပ်များကို ပျော်ပျော် ရွှင်ရွှင်ဖြင့် လုပ်ကိုင်ကြသည်။

□

mgyoe.com

mgyoe.com

## ၅။ သွားစောင့်နတ်သမီး



သွားစောင့်နတ်သမီး ဟူသော စကားကို ကြားဖူးကြပါသလား။ သွားစောင့်နတ်သမီးသည် အလွန်သေးငယ်သော သတ္တဝါဖြစ်သည်။ သင်၏လက်မအရွယ်သာရှိသည်။ ကလေးများ၏သွား ကျိုးသွားသောအခါ သွားစောင့်နတ်သမီးသည် ထိုသွားများကို လိုက်လံ၍ သိမ်းဆည်းသည်။

သင်၏သွားလေးကျိုးလျှင် ညအိပ်ရာဝင်သည့်အခါ ထိုသွားကို ထားပါ။ သွားနှင့်အတူ စာကို ပေးထားပါ။ သင် ကံကောင်းလျှင် သွားစောင့်နတ်သမီးသည် သင်၏ကျိုးနေသော သွားကို ယူသွားပြီး ပိုက်ဆံပြားကို ထားသွားပါလိမ့်မည်။

သွားစောင့်နတ်သမီးသည် အလွန်အလုပ် များသည်။ သို့သော် ညစဉ် သွားပေါင်း ရာပေါင်းများစွာကို လိုက်လံ သိမ်းဆည်း နေရသောကြောင့် ဖြစ်သည်။ ထိုသွားများစွာကို နတ်သား နတ်သမီးလေးများ နေသော နေရာလေးဆီသို့ ယူဆောင်သွားကြသည်။

mgyoe.com

mgyoe.com



သူတို့သည် ထိုသွားများကို နတ်တို့၏ အရှင်နတ်မင်းကြီးနှင့် နတ်ဘုရင်မတို့အတွက် ရဲတိုက်များနှင့် နန်းတော်များ တည်ဆောက်ရာတွင်သုံးသည်။ သို့သော် သွားစောင့်နတ်သမီးသည် မကောင်းသော သွားများ၊ ပိုးစားထားသော သွားများကို မကြိုက်ပါ။ သူသည် သန့်ရှင်းသော အဖြူရောင် နို့သွားများကိုသာ ယူလေသည်။ ထိုနို့သွားများသည် သူ့အလိုလို ကျွတ်ကျသော သန့်ရှင်းသော သွားများဖြစ်သည်။ ထို့ကြောင့် နေ့စဉ် သင်တို့၏ သွားများကို သန့်ရှင်းစေရန် သွားတိုက်ဖို့ မမေ့ဖို့ လိုအပ်ပါသည်။ သွား၏ အရောင်လေး ပြောင်လက်သည်အထိ သွားတိုက်ရမည်။

❒

mgyoe.com

mgyoe.com

## ၆။ ပန်းချီ သင်တန်း



ယနေ့ကျောင်းတွင် ပန်းချီ ဆွဲရမည့် အချိန်ရှိပါသည်။ သင်ပြမည့်ဆရာမမှာ မစ္စစ်ဟားပါး ဖြစ်သည်။

ယနေ့သည် အီလီယော့၏ အကြိုက်ဆုံးနေ့ဖြစ်သည်။ သူသည် ပန်းချီဆွဲခြင်း၊ ဆေးရောင်ခြယ်ခြင်းတို့တွင် တော်ပေသည်။ ရင်းပြင် သူကြီးလာလျှင် ပန်းချီဆရာဖြစ်လိုသူလည်း ဖြစ်သည်။ မစ္စဟားပါးက ဩစတြေးလျနိုင်ငံရှိ သတ္တဝါတစ်ကောင်ကို ဆေးရောင်ခြယ်ခိုင်းပြီး အကောင်းဆုံး ဆေးရောင်ခြယ်နိုင်သူကို ဆုပေးမည် ဖြစ်သည်။ ထိုဆေးခြယ်ရမည့် သတ္တဝါသည် ငှက်၊ ငါး၊ ပိုးမွှား သို့မဟုတ် တိရစ္ဆာန်တစ်ကောင်ကောင် ဖြစ်နိုင်သည်။

မစ္စဟားပါးသည် ကလေးများအတွက် ဓာတ်ပုံများကို ပြသထားသည်။

နစ်ကီက အရောင်စုံသော အနီနှင့်အဝါရောင်ပါသော ကြက်တူရွေးပုံကို အလွန်သဘောကျသည်။ ခရစ်က အလွန်ကြီးမားသော ကြောက်စရာ ငါးမန်းကြီးပုံကို ဆွဲလိုသည်။ ဘက်က အမြီးရှည်ကြီးနဲ့ ခြေထောက် သန်သန်မာမာရှိတဲ့ သားပိုက်ကောင်ပုံကို ရွေးတယ်။ ဇစ်ကီကတော့ ကိုကာဘူရာခေါ်သော အကောင်ကို ဆေးခြယ်လျှင် ပျော်စရာကောင်းမည်ဟု ထင်သည်။ သို့သော် အီလီယော့ကမူ ဆုံးဖြတ်ချက် မချနိုင်ဖြစ်နေသည်။ သူ့အတွက် ရွေးစရာ တိရစ္ဆာန်များ အလွန်များသောကြောင့် ဖြစ်သည်။

mgyoe.com

mgyoe.com



ရောင်ခြယ်ထားသောပုံများကို စာသင်ခန်းရှိ နံရံများတွင် ကပ်လိုက်သည်။ ဆုရွေးချယ်ဖို့အတွက် သူ့တွင် အခက်အခဲတွေ့နေသည်။ အဘယ့်ကြောင့်ဆိုသော် ပုံများအားလုံးသည် အလွန်ကောင်းကြသောကြောင့်ဖြစ်သည်။ သို့သော် သူ အီလီယော့၏ ပန်းချီကားဆီသို့ ရောက်သောအခါ ဤပန်းချီကားသည် အကောင်းဆုံးဖြစ်ကြောင်း သူသိသွားသည်။



သူသည် အလွန်လှပသော အနီရောင်ကြိုးကြာငှက်ကို မကြိုက်ပါ။ သူသည်ဆရာမ မျက်စိကျသော အကောင်တစ်ကောင်ကိုသာ ရွေးလိုသည်။ နောက်ဆုံးတွင် သူရွေးချယ်၍ ရသွားသည်။ သူရွေးလိုက်သော သတ္တဝါမှာ ကြောက်စရာပုံစံရှိသည့် မိကျောင်းပုံဖြစ်သည်။ သူသည် မိကျောင်းတစ်ကောင်ကို ရေထဲတွင် ပါးစပ်ကြီးဟကာ ရေကူးနေပုံကို ဆေးရောင်ခြယ်ရန် ဆုံးဖြတ်သည်။ မိကျောင်း၏သွားများ ချွန်ထက်နေပုံကိုလည်း ပေါ်လွင်စေမည်ဖြစ်သည်။ ကလေးများသည် သူတို့ကြိုက်နှစ်သက်သော ရုပ်ပုံများကို ရွေးချယ်ပြီး သူတို့နေထိုင်ရာနေရာ အသီးသီး သွားကြသည်။ ပြီးလျှင်စာရွက်များ၊ စုတ်တံများ၊ ဆေးဘူးများကို ပြင်ဆင်ကြသည်။

မစ္စဟားပါးသည် ကလေးများဆေး

မစ္စဟားပါးသည် အီလီယော့အား ပထမဆု ချီးမြှင့်လိုက်သည်။ အီလီယော့ရရှိသောဆုမှာ သကြားလုံးများ ထည့်ထားသော အိတ်အကြီးကြီး ဖြစ်သည်။ သူသည် သကြားလုံးများကို နေ့လယ် မုန့်စားဆင်းချိန်တွင် သူ၏ သူငယ်ချင်းများနှင့် ခွဲဝေ၍ ပျော်ရွှင်စွာ စားကြသည်။

❒

mgyoe.com

mgyoe.com

## ၇။ လမ်းပျောက်နေသော မြင်းကျားလေး



မြင်းကျားလေးသည် လမ်းပျောက်နေသည်။ သူ၏မိခင်ကို ရှာမတွေ့ပါ။ သူ့ဘေးနားတွင်လည်း တစ်စုံတစ်ယောက်မှ မရှိဘဲ ဖြစ်နေပါသည်။ သူ၏ရှေ့တွင်ရှိသော ကွက်လပ်တွင် လမ်းသုံးသွယ် ရှိနေပါသည်။ မည်သည့်လမ်းသည် မြင်းကျားလေး၏ အိမ်ရှိသောလမ်း ဖြစ်မည်နည်း။

အလွန်ပူသောကြောင့် မြင်းကျားလေးသည် ရေသောက်ရန် မြစ်ရှိရာ လမ်းကို ရွေးလိုက်သည်။ သူရေသောက်ရန် မြစ်ကမ်း

mgyoe.com

mgyoe.com

စပ်ကို တိုးသွားစဉ် ရေထဲမှ ခေါင်းစိမ်းစိမ်းကြီးနှင့် အလွန်ထက်သော အပြုံရောင်ရှိသည့် အကောင်တစ်ကောင်ပေါ်လာသည်။

မြင်းကျားလေးသည် ကြောက်လွန်းသဖြင့် နောက်သို့ ဆုတ်လိုက်သည်။ ပြီးလျှင် သူရပ်ခဲ့သော မြေကွက်လပ်သို့ ပြန်သွားသည်။ သူ၏နောက်တွင် မိကျောင်းကြီးသည်





ရေထဲမှ ကုန်းပေါ်သို့ ဖြည်းလေးစွာတက်လာပြီး ကိုယ်ပေါ်မှ ရေများကို ခါထုတ်လိုက်သည်။

မြင်းကျားလေးက "အင်း ... ဒုတိယလမ်းက ပိုပြီး အန္တရာယ်ကင်းမယ် ထင်တယ်"ဟု တွေးလိုက်မိသည်။ သို့သော် ထိုလမ်းသို့ သွားစဉ် ဗုံသံ သဲ့သဲ့လေးကြားသည်။ ထိုဗုံသံသည် တဖြည်းဖြည်း သူနှင့်နီးလာပြီး အသံလည်း ပို၍ကျယ်လာသည်။ သစ်ပင်များနှင့် မြေကြီးသည် တုန်ခါလာသည်။ ပြီးလျှင်အလွန်ကြီးမားသော မီးခိုးရောင် သတ္တဝါကြီးသည် သူ၏နားရွက်နှစ်ဖက်ကို တဖြတ်ဖြတ်ခတ်ကာ လမ်းလျှောက်လာသည်မှာ မိုးခြိမ်းသံကဲ့သို့ ဖြစ်သည်။ မြင်းကျားလေးသည် သူစောစောကရပ်နေခဲ့သော ကွက်လပ်ဆီသို့ အပြေးလေး ထွက်ခဲ့သည်။

သူ၏နောက်တွင် ဆင်ကြီးသည် ချုံပုတ်များကို နင်းခြေလျက် လမ်းလျှောက်လာသည်။

မြင်းကျားလေးသည် အပြေးလေးသွားရင်း "အင်း... တတိယလမ်းက အိမ်ကိုရောက်မယ့်လမ်းဖြစ်မှာပဲ"ဟု ငိုရင်း ပြောနေသည်။

သူသည် အလွန်ကြောက်စရာ ကောင်း

mgyoe.com

mgyoe.com

သော ဟင်းပေါင်းသံတစ်ခုကို ရုတ်တရက် ကြား လိုက်ရ၍ ရပ်လိုက်သည်။ ထိုဟင်း သံသည် အလွန်ကျယ်သဖြင့် သူ့တစ်ကိုယ် လုံး တုန်ယင်လျက်ရှိသည်။ ထို့ကြောင့် သူ သည် နောက်ပြန်လှည့်ကာ ကဆုန်ပေါက် ပြေးလေသည်။

ခြသေ့်ကြီးက "သူ ဟိုမှာပေါ့၊ ဟို မြေကွက်လပ်မှာ ရှိတယ်" ဟု အော်ပြော သည်။

မြင်းကျားလေးသည် အလွန်ကြောက် လန့် သွားသည်။

သူသည် ပထမလမ်းကို ရွေးလိုက်စဉ် ဆက်သောသွားဖြူဖြူနှင့် အစိမ်းရောင်အ ကောင်ကြီး ရေထဲမှထွက်လာသည်ကို တွေ့ ရသည်။ နောက်တစ်ခါ သူလျှောက်နေသော မြေကြီးတုန်လှုပ်သွားလောက်အောင် ဖြစ်စေ သော သတ္တဝါကြီးကို ဒုတိယလမ်းမှာ တွေ့ရ သည်။ နောက်ဆုံး တတိယလမ်းတွင် အသံ ကျယ်ကျယ်အော်မြည်ပြီးခေါင်းတွင် လည်ဆံ မွေးများရှိသော သတ္တဝါကြီး၏ ဟင်းသံ ကြားရသည်။ ကယ်ကြပါခင်ဗျာ။

ထိုစဉ်သူ့ကို တစ်စုံတစ်ခုက မပြီး လေထဲသို့ ယူဆောင်သွားသလို ခံစားရသည်။ သူသည်မျက်လုံးကို စုံမှိတ်ပြီး သူ့မိခင်မြင်း ကျားမကြီးရောက်လာစေရန်ဆုတောင်းလိုက် သည်။ သို့သော် သူ့ဘေးတွင် ဆင်မိကျောင်း နှင့် ခြသေ့်တို့ကိုသာ တွေ့ရသည်။

မောပန်းနေပြီဖြစ်သော မြင်းကျားလေး သည် ဆင်ကြီး၏ကျောပေါ်တွင် ထိုင်လျက် သူ့မိခင်ရှိရာ အိမ်သို့ လိုက်ပါလာသည်။ မြင်းကျားလေးအတွက် အလွန်စိတ်လှုပ်ရှား ဖွယ်ကောင်းသော နေ့ရက်လေးဖြစ်ခဲ့သည်။

❒

mgyoe.com

mgyoe.com

## ၈။ ဆူးတောင်များထနေသော ဖြူးလေး



ဆူးတောင်များရှိသော ဖြူးလေး ဟိုလီသည် တစ်ခုသော ဆောင်းရာသီ၏သာယာသော နေ့လေးတွင် သူအိပ်နေသော သစ်ရွက်ပုံလေးအောက်မှ ခေါင်းပြူ၍ ထွက်ကြည့်သည်။ ဖြူးလေး ထိုသစ်လုံးအောက်တွင် အိပ်နေသည်မှာ နှစ်လတိတိရှိပြီ ဖြစ်သည်။

တချို့သော နှစ်များတွင် ဒီထက်မက သူအိပ်ပျော်ခဲ့သည်။ ဟိုလီအတွက် မနက်ခင်းများမှာ ထရိုးထစဉ်မဟုတ်ပါ။ သို့သော် ဤနေ့တွင် သူသည် ထ၍ လမ်းလျှောက်ရန် ဆုံးဖြတ်သည်။

သူ ပန်းခြံတစ်ခုသို့ ဖြတ်သွားစဉ် ရော်ဘင်ငှက်ကလေး ယစ်စကီသည် ပေါင်မုန့်စများ၊ အသားစများကို နှုတ်သီးလေးဖြင့် သယ်ကာ အလုပ်ရှုပ်နေသည်ကို တွေ့သည်။

ရော်ဘင်ငှက်ကလေးသည် နေ့လယ်တစ်နာရီတွင် ပါတီပွဲကျင်းပရန် အတွက် အစားအစာများကို စုဆောင်းနေခြင်းဖြစ်သည်။ ယခုအခါ တစ်နာရီထိုးရန် ငါးမိနစ်သာလိုပါတော့သည်။ ယစ်စကီသည် အစားအစာများ အဆင်သင့်မဖြစ်မှာ စိုးနေသည်။ သူ၏နှုတ်သီးဖြင့်အစားအစာများကို ချီရသည့် အကြိမ်များမှာလည်း မနည်းတော့ပါ။ ဟိုလီသည် ရော်သင်ငှက်ကလေး မောနေသည်ကို သတိထားမိသည်။ ထို့ကြောင့် ရော်ဘင်ငှက်

mgyoe.com


mgyoe.com



ကို အကူအညီပေးရန် အကြံ ထုတ်လေသည်။

သူ၏ဆူးအပြည့်သော ကျောကုန်းကို ဘောလုံးပုံဖြစ်အောင် လိပ်လိုက်သည်။ ပြီးလျှင် မြက်ခင်းပေါ် လိမ့်လိုက်ရာ သူ့ဆူးတောင်တွင် အစားအစာများ ချိတ်လျက်ပါလာသည်။ ဟိုလီကို ကြည့်ရသည်မှာ ရယ်စရာကောင်းနေသည်။ မြက်ခင်းပေါ်ရှိအစာအစာများကို ဟိုလီက စုဆောင်းကာ ဝက်သစ်ချပင်ရှိရာသို့ သယ်လာသည်။ ထိုစဉ်ဧည့်သည်များလည်း ရောက်ရှိလာကြသည်။ ကြွက်ကလေးမာသာနှင့် ရှဉ့်ကလေးစကားလက်တို့ အတူလာကြသည်။ ငှက်ပြာလေးဘဲလင်ဒါက ပျံလာသည်။ နောက်ဆုံးတွင် ပက်ကျိဗိုင်ရေးသည် ပန်းခြံထဲသို့ နှေးနှေးကွေးကွေး ဝင်လာသည်။ ရော်ဘင်ငှက်ကလေး ယစ်စကီက ဟိုလီကို သူတို့နှင့်ပျော်ပျော်ပါးပါးဝင်ရောက် ပျော်ရွှင်ဖို့ ဖိတ်ခေါ်သည်။

ဟိုလီသည် သူ၏မိတ်ဆွေများနှင့် ပျော်ရွှင်စရာ ညနေခင်းလေးကို ကုန်ဆုံးသည်။ သို့သော် နေရောင်ကောင်းကင်မှ ပျောက်ကွယ်လုအချိန်တွင် ရာသီဥတုသည် အေးလာသည်။ ဟိုလီသည်ချက်ချင်းကြီး အိပ်ငိုက်လာသည်။ ထို့ကြောင့် သူ၏သူငယ်ချင်းများကို နှုတ်ဆက်ကာ သူ၏အိပ်ရာရှိရာသို့ ပြန်ခဲ့သည်။ သစ်ရွက်ကလေးများ သူ့ကိုယ်ပေါ်သို့ ဖုံးလွှမ်းပြီးသောအခါ ဟိုလီသည် အိပ်မောကျသွားသည်။ ဟိုလီကလေးအတွက် အလွန်သာယာသော နေ့တစ်နေ့ ဖြစ်ခဲ့သည်။




mgyoe.com

mgyoe.com

## ၉။ ကိုယ့်အိမ်ရာသည်သာ အကောင်းဆုံး



အချို့တိရစ္ဆာန်များသည် အေးသောရာသီဥတုနှင့် ရေခဲပြင်တို့ကို နှစ်သက်ကြသည်။

ပင်ဂွင်းငှက် ပင်ဂီသည် ကမ္ဘာ၏ တောင်ဘက် အောက်ဘက်ရှိ အန္တာတိတ်ကျွန်းတွင် နေထိုင်သည်။ ၎င်းနေရာသည် အလွန် အေးသောနေရာ ဖြစ်သည်။ ကျွန်းတစ်ခုလုံးတွင် အဖြူရောင် ရေခဲပြင်ကြီး ဖုံးလွှမ်းထားသည်။ အမြဲတမ်းလိုလို ဆောင်းတွင်းဖြစ်နေသည့် နေရာဖြစ်သည်။


ပင်ဂီသည် သူ၏အဖော် ပင်ဂွင်းအုပ်စုကြီးနှင့်အတူ ပင်လယ်တွင် မျောလျက်ရှိသော ရေခဲတုံးကြီးပေါ်တွင် နေထိုင်သည်။ နေ့စဉ် သူတို့သည် ရေကူးကြသည်။ အေးနေသော ပင်လယ်ရေအောက်ရှိ ငါးများကို ဖမ်းကြသည်။

နှစ်ပတ်တစ်ခါ သုံးပတ်တစ်ခါ ကမ္ဘာလှည့်ခရီးသည်များကို တင်ဆောင်လာသော သင်္ဘောကြီးများသည် ပင်ဂီတို့ နေထိုင်ရာ ရေခဲပြင်တွင် ရပ်နားပြီး ဓာတ်ပုံရိုက်ကြသည်။ ထိုခရီးသည်များသည် ပူနွေးသော အရပ်မှလာကြသူများ ဖြစ်သည်။ ပင်ဂီသည် အေးသောရာသီကို ငြီးငွေ့လျက်ရှိသည်။ တစ်နေ့တွင် ပင်ဂီသည် သင်္ဘောပေါ်ရှိ သေတ္တာမှ ကုန်ပစ္စည်းများကြားတွင် ပုန်းလျက် လိုက်ပါခဲ့သည်။ ထိုခရီးရှည်ကြီးမှာ အီတလီတွင် အဆုံးသတ်သည်။


နေမင်းကြီးသည် ပူပြင်းစွာဖြင့် လှပ

mgyoe.com

mgyoe.com



ပြန်တက်ပြီး သင်္ဘောကမ်းမှ ပြန်ခွာမည့် အချိန်ကို စောင့်နေသည်။ ပဂ္ဂီ သူ့အိမ် ပြန်ရောက်သောအခါ သူ၏အဖော် ပင်ဂွင်းများက သူ၏ ခရီးစဉ်အကြောင်းကို ကြားလိုကြသည်။ ပဂ္ဂီသည် ယခုအခါတွင် တခြားတိုင်း



သောပန်းများ၊ အစိမ်းရောင် သစ်ပင်များ၊ ဆူညံနေသောလူများနှင့် မီးခိုးနံ့များ ထွက်နေသော ကားများပေါ်သို့ ထွန်းလင်းလျက်ရှိသည်။

ပဂ္ဂီသည် နေပူသည့် ဒဏ်၊ ဆာလောင်သည့်ဒဏ်နှင့် အိမ်ကို လွမ်းသည့် စိတ်များ ဖြစ်ပေါ်နေသည်။ သူ့စိတ်ထဲတွင် အန္တာတိတ်ကျွန်းကိုသာ သတိရနေသည်။ အလွန်အေးသော တိတ်ဆိတ် ငြိမ်သက်လှသော ရေခဲပြင်ကြီးကို လွမ်းနေသည်။ ပဂ္ဂီသည် သူ တိတ်တဆိတ် လိုက်ပါလာသော သင်္ဘောပေါ်သို့

ပြည်များ အကြောင်းကို စိတ်ကူးအိမ်မက် မမက်တော့ပါ။ အဘယ်ကြောင့်ဆိုသော် ကိုယ့်အိမ်ထက်ကောင်းသော နေရာသည် မရှိသောကြောင့် ဖြစ်သည်။ ကိုယ့်အိမ်ရာသာလျှင် အကောင်းဆုံးဖြစ်သည်။

□

mgyoe.com

mgyoe.com

## ၁၀။ ကြောက်စရာကောင်းသော စာခြောက်ရုပ်



မတ်၊ ဇစ်တိုးရီးယားနှင့် ဆိုဖီရာသည် ပြိုင်ပွဲတစ်ခု ဝင်ပြိုင်ရန် စီစဉ်လျက်ရှိသည်။ သူတို့၏ပြိုင်ပွဲမှာ အကောင်းဆုံး စာခြောက်ရုပ် လုပ်နိုင်သူသာ ဆုရမည်ဖြစ်သည်။ မတ်သည် ထိုပြိုင်ပွဲတွင် အနိုင်ရလိုသည်။ သို့သော် သူ၏အသက်မှာ ၄ နှစ်သာ ရှိသေးသည်။ သူ၏ အမြွာအစ်မနှစ်ယောက်မှာ အသက် ၈ နှစ် ရှိပြီဖြစ်သည်။ သူ့အစ်မနှစ်ယောက်က သူ့ထက် ပိုသာနိုင်သည်။ သူတို့၏ စာခြောက်ရုပ်ကို လယ်သမားကြီး ဘင်၏လယ်ကွင်းတွင် လုပ်ကြရမည် ဖြစ်သည်။ အကောင်းဆုံးဆုကို ဘင်က ပေးမည် ဖြစ်သည်။

ဇစ်တိုးရီးယား၏ စာခြောက်ရုပ်သည် ပြီးတော့မည်။ သူ၏စာခြောက်ရုပ်တွင် ပန်းရောင်လည်စီးကို စည်းထားပြီး ဦးထုပ်ပေါ်တွင် ငှက်မွေးများကို ဖဲကြိုးဖြင့် လှပစွာ ချည်ထားသည်။

ဆိုဖီ၏ စာခြောက်ရုပ်တွင် ဦးထုပ်အဟောင်းတစ်ခုကို လက်အိတ်များနှင့် တန်ဆာဆင်ထားသည်။ သူ၏ စာခြောက်ရုပ်တွင် ပြုံးနေသော ရွှေဖရုံသီးမျက်နှာကို ပန်းချီဆွဲထားသည်။ သူတို့၏ စာခြောက်ရုပ်သည် ထူးခြားလျက်ရှိသည်။

မတ်သည် သူလုပ်ထားသော စာခြောက်ရုပ်ကို ကြည့်လိုက်သည်။ သူ၏ စာခြောက်ရုပ်မှာ အိမ်ရှိ တံမြက်စည်းဟောင်း


mgyoe.com

mgyoe.com



အရှည်ကြီးကို ပဝါစည်းထားခြင်း ဖြစ်သည်။ သူနိုင်မည်မဟုတ်ဟု ထင်ကာ အိမ်သို့ ပြန်ပြေးလေသည်။ အိမ်သို့ပြန်ရောက်သော် သူ၏ စိတ်ကို ဖြေဖျောက်သည့်အနေဖြင့် အလွန်ရုပ်ဆိုးသော မျက်နှာကြီးကို ဆွဲလေသည်။ ထိုမျက်နှာကြီးကို သူ့မျက်နှာတွင် တပ်လိုက်သော် အိမ်ရှိကြောင်လေးက လန့်ပြီး ပြေးလေသည်။ ထိုအခါ မတ်၏ စိတ်ထဲတွင် အကြံတစ်ခု ရလေသည်။

မတ်သည် လယ်ကွင်းဆီသို့ ပြေးသွားပြီး သူ၏တံမြက်စည်းထိပ်တွင် သူ၏မျက်နှာဖုံးကို စွပ်လိုက်လေသည်။ ထိုအချိန်မှာပင် လယ်သမားကြီးသည် သူတို့၏ အလုပ်ကို အဆုံးအဖြတ်ပေးရန် ရောက်လာသည်။ လယ်သမားကြီးက အမြွှာညီအစ်မ၏ စာခြောက်ရုပ်သည် အလွန်လှသည်။ သို့သော် စာကလေးများကို ထွက်ပြေးအောင် မခြောက်နိုင်ဟု ပြောသည်။ ထို့ကြောင့် စာကလေးများ ထွက်ပြေးစေနိုင်သော မတ်၏ ကြောက်စရာ စာခြောက်ရုပ်ကသာ ဆုရထိုက်သည်ဟု ဆုံးဖြတ်လိုက်သည်။ သူပေးသောဆုမှာ အရည်ရွှမ်းသော ပန်းသီးများထည့်ထားသော အိတ်ကြီး ဖြစ်သည်။ ပြီးလျှင် မတ်သည် သူရသော ဆုကို သူ့အစ်မနှစ်ယောက်နှင့် ပျော်ရွှင်စွာ စားသောက်လေသည်။ သည်တစ်ခါ မတ်ဆွဲသောပုံမှာ ပြုံးနေသောပုံ ဖြစ်သည်။



❐

mgyoe.com

mgyoe.com

## ၁၁။ ကယ်တင်ရှင်လေး အိုလီ



ရေဘဝဲလေး အိုလီသည် သမုဒ္ဒရာထဲမှ နေရာသစ်ကို ထွက်ခွာခဲ့သည်။ သူသည် ရှက်တတ်သော ရေဘဝဲလေး ဖြစ်သည်။ ထို့ကြောင့် သူငယ်ချင်းသစ်များရရန် ခဲယဉ်းသည်။ သနားစရာ အိုလီလေးသည် အထီးကျန်လျက်ရှိသည်။

တစ်နေ့တွင် အိုလီသည် သမုဒ္ဒရာရေအောက်ကြမ်းပြင်တွင် ကူးခတ်နေစဉ် အကူအညီတောင်းသံလေးကို ကြားလိုက်သည်။ လွှနှုတ်ပုံရှိသော ဆယ်လီငါးသည် ကျောက်တုံးကြီးများ အောက်တွင် ပိတ်မိနေသည်။ အမ်မိငါးမန်းနှင့် ဒေစီ လင်းပိုင်တို့သည် ထို

mgyoe.com

mgyoe.com




ကျောက်တုံးများကို တွန်းပြီးဖယ်ရှားနေကြသည်။ သူတို့ တွန်းလိုက်၍ ကျောက်တုံးတစ်တုံး ပြုတ်ကျသွားသည်နှင့် တခြားကျောက်တုံးတစ်တုံးက ထိုနေရာကို ကျလာသည်။

မျှော်လင့်ချက်ကင်းမဲ့သော အလုပ်ဖြစ်သည်။ အိုလီသည် ငါးလေးဆယ်လီ စိတ်မကောင်းဖြစ်နေသည်ကို တွေ့သည်။ ဆယ်မီနှင့် ဒေစီတို့အတွက် လိုအပ်သည်မှာ သူတို့တွန်းလိုက်သော ကျောက်တုံးကျသွားစဉ် ထိုလွတ်သောနေရာကို တခြား ကျောက်တုံးမကျလာစေရန် ကူညီမည့်သူဖြစ်သည်။ သူတို့အတွက် အကူလိုအပ်ပါသည်။ အိုလီတွင် လက်ရှစ်ချောင်းတောင်ရှိပါသည်။ ဆမ်မီနှင့် ဒေစီက ကျောက်တုံးတစ်ခုချင်းစီကို ဖယ်ရှားပေးစဉ် အိုလီက ကျောက်တုံးရှစ်လုံးကို ကိုင်ပေးထားနိုင်သည်။ နောက်ဆုံး ဆယ်လီသည် ကျောက်ပုံကြားမှ လွတ်မြောက်သွားသောအခါ အိုလီကို အားပါးတရ ဖက်လိုက်သည်။ ယခုအခါတွင် အိုလီသည်သူရဲကောင်းဖြစ်ပြီး သူ့ကို ရေသတ္တဝါတို့က မိတ်ဆွေဖွဲ့လိုကြသည်။

mgyoe.com

mgyoe.com

## ၁၂။ အခြားကမ္ဘာမှ ဂြိုဟ်သားများ ပင်ရောက်လာခြင်း



တစ်နေ့တွင် ဂျိမ်းသည် အာကာသထဲတွင် ဝတ်သော ကစားစရာ ဝတ်ရုံကို ဝတ်ကာ ပန်းခြံထဲမှာ ကစားနေသည်။ သူ၏ပုံစံမှာ တကယ့် အာကာသထဲတွင် ဂြိုဟ်သားများနှင့် တိုက်ခိုက်နေပုံမျိုး ဖြစ်သည်။ ယနေ့သည် သူသည် ဂြိုဟ်သားများနှင့် တကယ်တွေ့ရမည်ကို မသိရှာပါ။


အလွန်မှောင်၍ နက်ရှိုင်းနေသော အာကာသထဲမှ ဂြိုဟ်သားများပါဝင်သော အာကာသယာဉ်တစ်စင်းသည် ကျွန်ုပ်တို့ နေစကြဝဠာအတွင်းသို့ နီးကပ်လာသည်။

ထိုယာဉ်သည် နေစရာဂြိုဟ်တစ်ခုကို လှည့်လည်၍ လိုက်ရှာနေခြင်းဖြစ်သည်။ ထိုယာဉ်ပေါ်ရှိ သတ္တဝါများသည် သူတို့ ဂြိုဟ်တွင် မရှိဖူးသေးသော အကြီးဆုံးစက်ကြီးကို တီထွင်ခဲ့သည်။ ထိုစက်ရုံကြီးထဲတွင် မြို့တစ်မြို့ရှိပြီး လမ်းများ၊ ပန်းခြံများ၊ နေစရာအိမ်များနှင့် တိရစ္ဆာန်များ၊ လယ်ကွင်းများ၊ စိုက်ကွင်းများ ပါဝင်သည်။ ယခုအခါတွင် အာကာသယာဉ်မှူးသည် သူတို့အတွက်နေချင်

ဂျိမ်းသည် အာကာသ သူရဲကောင်းဖြစ်လိုသည်။ သူ့တွင် အာကာသယာဉ်မှူးများအကြောင်းရေးထားသော စာအုပ်များရှိသည်။ သူ့အိပ်ခန်း နံရံတွင် ဂြိုဟ်များ၊ ဒုံးပျံများ၏ ပုံများကို ကပ်ထားသည်။ သူသည် အာကာသထဲသို့ ခရီးသွားတမ်း ကစားရသည်ကို သဘောကျသည်။

mgyoe.com

mgyoe.com



ဖြတ်ပြီး မြက်ခင်းရှည်ရှည်များ ကြားသို့ တစ်ခုခု ဝင်ရောက်သွားသလို ခံစားလိုက်ရသည်။

ဂျိမ်းသည် ဒူးထောက်လိုက်ပြီး ကြည့်ရာ သံနှင့်ပြုလုပ်ထားသော အရာတစ်ခုကို အနီး



စရာ ဂြိုဟ်တစ်ခုကို ရှာတွေ့ပြီဖြစ်သည်။

အာကာသယာဉ်မှူးသည် သူ၏ယာဉ်ကို ရေကန် တစ်ကန်နားတွင် ဆင်းလိုက်သည်။ ထိုနေရာတွင် ရှည်လျားသော အစိမ်းရောင်ပင်များနှင့် ဖုံးလွှမ်းနေသည်။ ဂြိုဟ်သားများသည် ယာဉ်ပေါ်မှဆင်း၍ ပတ်ဝန်းကျင်ကို လေ့လာကြသည်။ ထိုစဉ် မိုးကောင်းကင်ကြီးသည် မှောင်မဲ၍သွားပြီး မြေပြင်ကြီးသည် မိုးခြိမ်းသံကြောင့်လှုပ်သွားကြသည်။ ကြောက်ရွံ့လျက်ရှိသော ဂြိုဟ်သားများသည် ယာဉ်ပေါ်သို့ ပြန်တက်သွားကြသည်။ ဤဂြိုဟ်သည်နေချင်စဖွယ် မကောင်းပါ။

ဂျိမ်းသည် ပန်းခြံထဲတွင် ပြေးလျက်ရှိသည်။ သူသည် ဂြိုဟ်သားများနှင့် စစ်တိုက်တမ်းကစားနေသည်။ ထိုစဉ် သူ၏ခေါင်းကို

ကပ်တွေ့ရသည်။ ထိုအရာလေးမှာ ပန်းသီးစေ့ လောက်ရှိပြီး ထိုအစေ့ထဲမှ ပုရွက်ဆိတ်သတ္တဝါများထွက်လာသည်။ ဂျိမ်း၏အရိပ်သည် ထိုသတ္တဝါလေးများအပေါ်သို့ ကျသွားသောအခါ သူတို့သည် သံဗူးလေးထဲသို့ ချက်ချင်းဝင်ပြေးကြသည်။ ထို့နောက်ထိုသံဘူးလေးသည် သူ့ကို ကျော်ဖြတ်ပြီး ကောင်းကင်ပေါ်သို့ ပျံသန်းသွားသည်။ ဂျိမ်းက "ဒါက ဘာလဲ"ဟု စဉ်းစားနေသည်။ပြီးလျှင် သူ ကစားနေရာ ပန်းခြံသို့ ပြန်သွားသည်။


mgyoe.com

mgyoe.com

## ၁၃။ ဝင်ဒီ၏ သစ်တော



ဝင်ဒီသည် သူ၏အိပ်ခန်းမှ သစ်တောကြီးကို လှမ်း၍ ကြည့်လိုက်သည်။ ဆောင်းရာသီတွင် သစ်တောရှိ အပင်များသည် အရွက်ကြွေကြသည်။ ထို့ကြောင့် ဝင်ဒီအတွက် သစ်ပင်တစ်ပင်နှင့် တစ်ပင် အမျိုးအစားခွဲခြားပြီးမှတ်မိဖို့ ခက်လေသည်။ သူ၏အစ်ကိုကြီးဝီလျံက တောထဲတွင် သစ်ပင်များကို မှတ်မိစေရန် သဲလွန်စများ များစွာရှိသည်ဟု ပြောသည်။ ဝင်ဒီသည် သစ်တောထဲသို့ သွားပြီး အမျိုးမတူသော သစ်ရွက်များကို စု

mgyoe.com